# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

# DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

## ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ရက်ရွှေ့ဆိုင်းရန် တိုက်တွန်းပန်ကြားချက်

( ၂၀၀၈ခုနှစ်၊ မေလ ၆ ရက် )

မေလ ၂ ရက်နှင့် ၃ ရက်နေ့များက ဝင်ရောက်တိုက်ခတ်သွားခဲ့သော နာဂစ်မုန်တိုင်းကြီးကြောင့် ပြည်သူများ ကြီးမားသော အသက်အိုးအိမ် ဆုံးရှုံးပျက်စီးမှုများနှင့် ကြုံတွေ့ခဲ့ရပါသည်။ ထိုသို့ ပြည်သူများ၏ ဆုံးရှုံးထိခိုက်နစ်နာရမှုကို ကျွန်တော်တို့ လူ့ဘောင်သစ်ဒီမိုကရက်ပါတီက စာနာထောက်ထားကြောင်း ဖော်ပြအပ်ပါသည်။

ကနဦးသိရှိနေရသော ပြည်တွင်းပြည်ပ မီဒီယာသတင်းများအရလူဦးရေ ၁၀,၀၀၀ ကျော် သေဆုံးခဲ့ပြီး၊ ထောင်ပေါင်းများစွာပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ သေဆုံးသူဦးရေမှာ ထပ်မံတိုးမြင့်လာဖွယ်ရှိကြောင်း ဖေါ်ပြနေကြပါသည်။ နာဂစ်မုန်တိုင်း အဓိကဖြတ်သန်းသွားရာ နေရာဒေသများတွင် ရွာလုံးကျွတ် ပျောက်ဆုံးပျက်စီးသွားမှုများပင် ရှိခဲ့ပါသည်။ သို့ပါ၍ အချို့သော မီဒီယာသတင်းများက သေဆုံးသူလူဦးရေမှာ ပိုမိုများပြားလာဖွယ်ရှိကြောင်း၊ ထောင်ပေါင်းများစွာသောမိသားစုများ အိုးမဲ့အိမ်မဲ့ဖြစ်သွားရကြောင်း ခန့်မှန်းတွက်ချက်ဖေါ်ပြနေကြပါသည်။

ယခုအချိန်အထိ (နအဖ) စစ်အစိုးရအနေဖြင့် ဆေးဝါးကုသရေး၊ သောက်သုံးရေသန့်ရရှိရေး၊ အမိုးအကာရရှိရေးစသော စားဝတ်နေရေးဆိုင်ရာ ကူညီကယ်ဆယ်ထောက်ပံ့ရေး ကိစ္စများကို ထိရောက်မြန်ဆန်စွာ ပြုလုပ်ပေးနိုင်ခြင်း မရှိသေးကြောင်းလည်း သိရှိနေရပါသည်။ ထို့အပြင် နာဂစ်မုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ပြည်သူလူထု၏ အသက်အိုးအိမ် ဆုံးရှုံးမှုနှင့်ပတ်သက်၍ တိကျသော စာရင်းဇယားများ ထုတ်ပြန်ပေးနိုင်ခြင်း မရှိသေးပါ။

(နအဖ) စစ်အစိုးရအနေဖြင့် ကြေညာချက်အမှတ် (၄/၂၀၀၈) ထုတ်ပြန်ပြီး ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ် နှင့် ကရင်ပြည်နယ်တို့ကို သဘာဝဘေးအန္တရာယ်ကျရောက်ဒေသများအဖြစ် ကြေညာထားပါသည်။

ထိုသို့ကြေညာခဲ့သည့် နာဂစ်မုန်တိုင်းအန္တရာယ် ကျရောက်ရာ ပြည်နယ်နှင့်တိုင်း ၅ ခုသည် မြန်မာပြည်၏ လူဦးရေ အထူထပ်ဆုံးနှင့် အဓိက စိုက်ပျိုးထုတ်လုပ်ရာ၊ စက်မှုလက်မှုလုပ်ငန်းများ အခြေစိုက်တည်ရှိရာ ဒေသများဖြစ်ပါသည်။ ထို့အတူ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စများမှာလည်း အချိန်ယူ၍ ကုစားရမည့် အနေအထားဖြစ်ပါသည်။ အချိန်တို ကာလအတွင်း ပြန်လည်ထူနိုင်လိမ့်မည်မဟုတ်ပါ။

ယခုကဲ့သို့ပြည်သူအများ နာဂစ်မုန်တိုင်းဒဏ်ကြောင့် အသက်အိုးအိမ်ဆုံးရှုံးနစ်နာခဲ့မှုများ ထိခိုက်ခံစားနေရသည့် အချိန်တွင် (နအဖ)စစ်အစိုးရအနေဖြင့် ပြည်သူလူထု လက်တွေ့ကြုံတွေ့နေရသော ဆင်းရဲဒုက္ခ ရောက်ရမှုများကို ထောက်ထား စာနာသော အားဖြင့် လာမည့် မေလ (၁၀) ရက်နေ့တွင် ကျင်းပတော့မည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကာလတစ်ခုအထိ ရက်သတ်မှတ် ရွှေ့ဆိုင်းထားသင့်ကြောင်း လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ က တိုက်တွန်းပါသည်။

ထို့အပြင် ကမ္ဘာ့ကုလသမဂ္ဂ၊ နိုင်ငံတကာနှင့် အိမ်နီးချင်း တိုင်းပြည်များကလည်းကောင်း၊ ပြည်တွင်းရှိ မုန်တိုင်းအန္တရာယ် လွတ်ကင်းဒေသများရှိ ပြည်သူများကလည်းကောင်း နာဂစ်မုန်တိုင်းကြီးကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများထံ တိုက်ရိုက် ရရှိခံစားနိုင်မည့် စာနာထောက်ထားမှုအကူအညီများဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

ဆက်သွယ်ရန်–
ကိုအောင်မိုးဇော် ၀၈၄ ၄၉၀၈၂၃၇
ကိုငွေလင်း ၀၈၁ ၄၇၅၉၂၂၃